**ကယ်လီဖိုးနီးယားတက္ကသိုလ်၊လော့စ်အိန်ဂျလိစ်**

သုတေသနပြုရာတွင်ပါဝင်သူ၏

**အခွင့်အရေးရပိုင်ခွင့်ဥပဒေမူကြမ်း**

ဤဖော်ပြပါအခွင့်အရေးရပိုင်ခွင့်များသည် ဆေးရာသုတေသနလေ့လာမှုပြုရာတွင်ပါဝင်ရန် ဖိတ်ကြားခံရသူတိုင်းအတွက်ဖြစ်သည်။ သုတေသနပြုရာတွင်ပါဝင်သူတစ်ဦးအနေဖြင့် အောက်ဖော်ပြပါအခွင့်အရေးများကို ကျွန်ုပ်ရပိုင်ခွင့်ရှိသည်။

1. ဤသုတေသနမှအဘယ်အရာကိုကြိုးပမ်းရှာဖွေဖော်ထုတ်မည်ဆိုသည်ကိုကျွန်ုပ်သိပိုင်ခွင့်ရှိသည်။

2. သုတေသနနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ၊ ဆေးဝါးများ၊ နှင့်/သို့မဟုတ် ကိရိယာပစ္စည်းများအားလုံးတို့ကိုလည်းကောင်း၊ ပုံမှန်ဆေးကုသမှုမှ ကွဲပြားလျက်ရှိသည့် ဤဖော်ပြပါ များထဲမှ တစ်စုံတစ်ရာရှိလျှင်သော်လည်းကောင်း၊ ကျွန်ုပ်သိပိုင်ခွင့်ရှိသည်။

3. သုတေသနပြုခြင်း၏ရလဒ်အဖြစ် ကျိုးကြောင်းဆီလျော်စွာဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ၊ သက်သောင့်သက်သာမရှိခြင်းများ၊ သို့မဟုတ် ဘေးထွက်ဆိုးကျိုးများတစ်စုံတစ်ရာရှိပါက ၎င်းတို့ကိုကျွန်ုပ်သိပိုင်ခွင့်ရှိသည်။

4. သုတေသနပြုခြင်းတွင်ပါဝင်ခြင်းဖြင့် ကျိုးကြောင်းဆီလျော်စွာမျှော်လင့်နိုင်သော အကျိုးအမြတ်များရှိပါက ကျွန်ုပ်သိပိုင်ခွင့်ရှိသည်။

5. အကယ်၍ သုတေသနပြုခြင်းတွင်ပါဝင်ခြင်းမပြုဘဲ ပိုမိုကောင်းလာနိုင်သော၊ သို့မဟုတ် ပိုမိုဆိုးရွားသွားနိုင်သော အခြားရွေးချယ်စရာများရှိပါကကျွန်ုပ်သိပိုင်ခွင့်ရှိသည်။ ဤရွေးချယ်စရာများ၌ အခြားသောလုပ်ထုံးလုပ်နည်းများ၊ ဆေးဝါးများနှင့် ကိရိယာပစ္စည်းများပါဝင်နိုင်သည်။

6. အကယ်၍ သုတေသနကြောင့်ရောဂါအခြေအနေ ပိုမိုဆိုးဝါးရှုပ်ထွေးလာပါက မည်သို့သော ကုသမှုရရှိနိုင်မည်ကို ကျွန်ုပ်သိပိုင်ခွင့်ရှိသည်။

7. သုတေသန သို့မဟုတ် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်သော မည်သည့်မေးခွန်းမျိုးကိုမဆို မေးမြန်းနိုင်ရန် ကျွန်ုပ်၌အခွင့်အရေးရှိသည်။ ဤမေးခွန်းများကို သုတေသနမစတင်မီ သို့မဟုတ် သုတေသနပြုလုပ်နေစဉ်အတွင်း အချိန်အခါမရွေး ကျွန်ုပ်မေးမြန်းခွင့်ရှိသည်။

8. သုတေသနတွင်ပါဝင်ခြင်းကိုငြင်းဆိုရန် သို့မဟုတ် အချိန်အခါမရွေးရပ်ဆိုင်းရန်ကျွန်ုပ်၌အခွင့် အရေးရှိသည်။ ဤသို့ဆုံးဖြတ်ခြင်းသည် ကျွန်ုပ်အားပြုစုစောင့်ရှောက်နေမှု၊ သို့မဟုတ် ကျွန်ုပ်ဆရာဝန်နှင့် ကျွန်ုပ်ကြား ဆက်ဆံရေး၊ သို့မဟုတ် ဤအဖွဲ့အစည်း၊ မည်သည်ကိုမျှ မည်သည့်နည်းနှင့်မျှမထိခိုက်စေပါ။

9. သုတေသနပြုခြင်းနှင့်ပတ်သက်၍ လက်မှတ်နှင့်နေ့စွဲရေးထိုးထားသော သဘောတူညီလွှာမိတ္တူကို ကျွန်ုပ်ရပိုင်ခွင့်ရှိသည်။

10. သုတေသနပြုလေ့လာခြင်းတွင်ပါဝင်ရန် ဆုံးဖြတ်ချက်ချရာတွင် ဖိအားပေးခြင်းအမျိုးမျိုးမှ ကျွန်ုပ်ကင်းဝေးနိုင်ရသော အခွင့်အရေးရှိသည်။

---------------------------------------------------

အကယ်၍မေးမြန်းစရာ၊ စိတ်ပူပင်စရာများရှိပါက သုတေသနမှူး သို့မဟုတ် သုတေသန လက်ထောက်ကိုကျွန်ုပ်မေးမြန်းနိုင်သည်။ သုတေသနလေ့လာရေးတွင် ပါဝင်သူများကိုကာကွယ်မှု ပေး၍ကူညီနေသော သုတေသနလက်အောက်ခံပါဝင်သူများ ကာကွယ်ရေးဌာန(OHRPP) သို့လည်း ကျွန်ုပ်ဆက်သွယ်နိုင်သည်။ တနင်္လာနေ့မှ သောကြာနေ့ အထိ၊ မနက်8:00 AM မှညနေ5:00 PM အတွင်း 310-825-5344 သို့ ဖုန်းဆက်ခြင်းဖြင့် OHRPPနှင့်ဆက်သွယ်နိုင် ပါသည်။ အကယ်၍ ဤရုံးသို့ဖုန်းဆက်သောအခါ အင်္ဂလိပ် သို့မဟုတ် စပိန်ဘာသာဖြင့်ကျွန်ုပ်ပြောဆိုခြင်းမပြုနိုင် ပါက ကျွန်ုပ်အတွက်ဘာသာပြန်ပေးမည့်တစ်စုံတစ်ဦး ရသင့်ပါသည်။ OHRPP, 11000 Kinross Avenue, Suite 102, Box 951694, Los Angeles, CA 90095-1694 သို့လိပ်မူ၍လည်း ကျွန်ုပ် စာရေးဆက်သွယ်နိုင်ပါသည်။